**မြန်မာနိုင်ငံမှ မီဇိုရမ်သို့ ကျွဲ၊ နွားတင်သွင်းမှုများအပေါ် တားမြစ်မိန့်ကို ၂၀၂၂ ခုနှစ်၊ အောက်တိုဘာလ ၂၁ ရက်နေ့တွင် ထုတ်ပြန်ထား**

အိန္ဒိယနိုင်ငံ၊ အရှေ့မြောက်ပိုင်းရှိ မီဇိုရမ်ပြည်နယ်အတွင်းသို့ မြန်မာနိုင်ငံမှကျွဲ၊ နွားတင်သွင်းမှုအားတားမြစ်ရန် ဆုံးဖြတ်ချက်ကို ချန်ဖိုင်ခရိုင်တရားသူကြီးက၂၀၂၂ ခုနှစ်၊ အောက်တိုဘာလ ၂၁ ရက်နေ့တွင်အမိန့်ချမှတ်ခဲ့ကြောင်း သိရပါသည်။

ခရိုင်တရားသူကြီး James Lalrinchana ၏အဆိုအရ အိန္ဒိယ-မြန်မာနယ်စပ်တလျှောက်ရှိ ကျေးရွာအချို့တွင် လျှာနာခွာနာရောဂါ ကူးစက်ခံထားရသည်ဟု သံသယရှိသည့် ကျွဲ၊ နွားများကို တွေ့ရှိခဲ့ကြောင်း၊ ထို့ကြောင့် ကျွဲ၊ နွားအများအပြား၌ ၎င်းရောဂါကူးစက်ခံထားရသည်ဟု သံသယရှိခြင်းကြောင့် အဆိုပါဆုံးဖြတ်ချက်ကို ချမှတ်ခဲ့ခြင်းဖြစ်ကြောင်းနှင့် ဖျားနာနေသည့် ကျွဲ၊ နွားများထံမှ နမူနာများကို ခွဲခြမ်းစိတ်ဖြာ၍ စစ်ဆေးရန်အတွက်အိုက်ဇောနှင့် Guwahati သို့ပေးပို့မည်ဖြစ်ကြောင်း သိရပါသည်။

ကြေညာချက်အရ မြန်မာနိုင်ငံမှကျွဲ၊ နွားတင်သွင်းမှုနှင့် ဒေသတွင်း၌ ဖျားနာမှုမရှိသော ကျွဲ၊ နွားများအပါအဝင်ကျွဲ၊ နွားများပို့ဆောင်ခြင်းတို့ကို တင်းတင်းကျပ်ကျပ် တားမြစ်မည်ဖြစ်ကြောင်းသိရပါသည်။ မြန်မာနိုင်ငံမှ တင်သွင်းမှုသည့် ကျွဲ၊ နွားများနှင့် ဝက်များ၌ ဝက်တုပ်ကွေးနှင့် အခြားအသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါများကဲ့သို့သော ရောဂါအများအပြားကို တွေ့ရှိခဲ့ဖူးသည်ဟုလည်း သတင်းများသို့ ထည့်သွင်းပြောကြားခဲ့သည်ကို တွေ့ရပါသည်။

တိရစ္ဆာန်များတွင် ဖြစ်ပွားတတ်သော လျှာနာခွာနာရောဂါမှာ ရောဂါဖြစ်ပွားမှုမပေါ်မချင်း မကြာခဏ ဖြစ်ပေါ်နိုင်ပြီး၊ တိရစ္ဆာန်များကို အစုလိုက်အပြုံလိုက် ကာကွယ်ဆေးထိုးခြင်းဖြင့် ထိန်းချုပ်သွားနိုင်မည်ဖြစ်ပါသည်။

မီဇိုရမ်ပြည်နယ်သည် မြန်မာနိုင်ငံမှ တင်ပို့သည့်တိရစ္ဆာန်များအပေါ် တားမြစ်ချက်များအား မကြာခဏ ချမှတ်လေ့ရှိသော ပြည်နယ်တစ်ပြည်နယ်ဖြစ်ကာ ၂၀၀၉ ခုနှစ်နှင့် ၂၀၁၀ ပြည့်နှစ်များအတွင်း အာဖရိကဝက်တုပ်ကွေးရောဂါဖြစ်ပွားမှုကြောင့် ဝက်များတင်သွင်းမှုကို တားမြစ်ခဲ့ခြင်း၊ ၂၀၁၇ ခုနှစ်တွင် Porcine မျိုးပွားနှင့် အသက်ရှူလမ်းကြောင်းလက္ခဏာ (PRRS) နှင့် ဝက်တုပ်ကွေးရောဂါကြောင့် ဝက်များတင်သွင်းမှုကို ကျွဲ၊ နွားနှင့် ဝက်တင်သွင်းမှုများကို တားမြစ်ခဲ့ခြင်း၊ ၂၀၁၉ ခုနှစ်တွင် အာဖရိကဝက်တုပ်ကွေးကြောင့် ဝက်များတင်သွင်းမှုကို တားမြစ်ခဲ့ခြင်းများကို ဆောင်ရွက်ခဲ့ဖူးသည်ကို တွေ့ရပါသည်။

သို့ရာတွင် မြန်မာဘက်မှ မှတ်တမ်းတင်ထားသည့် အချက်အလက်များအရမူ ၂၀၁၈-၁၉ ဘဏ္ဍာနှစ်မှ ၂၀၂၂-၂၃ ဘဏ္ဍာနှစ် (အောက်တိုဘာလ ၁၄ ရက်နေ့အထိ) ကာလအတွင်း အိန္ဒိယ

ဘက်သို့ ကျွဲ၊ နွားအရှင်များကို တင်ပို့ခဲ့မရှိဘဲ၊ကျွဲ၊နွား သားရေဆားနယ်အစိုများကိုသာ အောက်ဖော်ပြပါ ပမာဏနှင့် တန်ဖိုးများဖြင့် တင်ပို့မှုသာရှိကြောင်း တွေ့ရှိရပါသည် –

တန်ဖိုး – ကန်ဒေါ်လာသန်း

| စဉ် | ဘဏ္ဍာနှစ် | ရေတွက်ပုံ | WET SALTED CATTLE & BUFFALO HIDES ကျွဲ၊ နွား သားရေဆားနယ်အစို | |
|---|---|---|---|---|
| | | | တန်ချိန် | တန်ဖိုး |
| ၁ | ၂၀၁၈–၂၀၁၉ | တန် | ၈၅၈.၀၀၀ | ၀.၄၆၄ |
| ၂ | ၂၀၁၉–၂၀၂၀ | တန် | ၄၉၂.၀၀၀ | ၀.၂၄၆ |
| ၃ | ၂၀၂၀–၂၀၂၁ | တန် | ၁၆၀.၇၇၆ | ၀.၀၈၀ |
| ၄ | ၂၀၂၁–၂၀၂၂ (Mini Budget) | တန် | ၈၅၀.၀၀၀ | ၀.၃၅၇ |
| ၅ | ၂၀၂၂–၂၀၂၃ (၁၄–၁၀–၂၀၂၂)ထိ(ယာယီ) | တန် | ၁၁၇၅.၀၀၀ | ၀.၄၇၉ |

အထက်ဖော်ပြပါ အချက်အလက်များအရ မြန်မာ–အိန္ဒိယနယ်စပ်ဒေသများတွင် မြန်မာနိုင်ငံဘက်မှ ကျွဲ၊ နွားစသည့် တိရစ္ဆာန်အရှင်များကို တရားမဝင်တင်ပို့နေမှုများရှိနေသည်ကို လေ့လာသိရှိရပါသည်။ ထိုသို့ တရားမဝင်တင်ပို့နေမှုများမှာ နိုင်ငံတော်အတွက် အခွန်အကောက်နစ်နာစေခြင်း၊ မြန်မာနိုင်ငံ၏ လယ်ယာလုပ်ငန်းခွင်၌ အသုံးပြုနေသော ကျွဲ၊ နွားစသည်များကို အထိန်းအကွပ်မရှိတင်ပို့ရောင်းချလာလျှင် ပြည်တွင်း၌ ကျွဲ၊ နွားလိုအပ်ချက် များပြားလာနိုင်ခြင်း၊ တိရစ္ဆာန်များ၌ ရောဂါကူးစက်နေမှုများကို စနစ်တကျထိန်းချုပ်နိုင်မှုမရှိခြင်းနှင့် ရာဇဝတ်မှုများပြားလာနိုင်ခြင်းတို့ကြောင့် ၎င်းကိစ္စအား ထိန်းကျောင်းဆောင်ရွက်ရန် လိုအပ်နေပါကြောင်း ရေးသားတင်ပြအပ်ပါသည်။

ရင်းမြစ်၊ https://www.indiatodayne.in/mizoram/story/mizoram-government-bans-import-cattle-myanmar-461713-2022-10-22